YOMA BANK

PRUDENTIAL
ပရူဒန့်ရှယ် အာမခံ



# PRUFlexiprotect PLUS

## သင့်ရွေးချယ်မှုအလိုက် ဒို့တွေတကယ်လုံခြုံမှုပေးပါတယ်၊

သင်နှင့် သင်ချစ်ရသူတွေအတွက် တကယ်လိုအပ်နေတဲ့အချိန်မှာ ငွေကြေးထောက်ပံ့မှု ရရှိနိုင်မှာပါ။

PRUFlexiprotect PLUS  က လိုအပ်ချက်အလိုက် သတ်မှတ်ဝယ်ယူလို့ရနိုင်တဲ့ အာမခံအကာအကွယ် အစီအစဉ်ဖြစ်ပါတယ်။ ကိုယ်နဲ့သင့်တော်တဲ့ အာမခံ အမျိုးအစား၊ အာမခံ သက်တမ်းနဲ့ အကာအကွယ် ပမာဏ စသဖြင့် ရွေးချယ်နိုင်မှာပါ။





## သင် (သို့) သင့်မိသားစုအတွက် လိုအပ်ချိန်တွင် ငွေကြေးအလွယ်တကူ ရရှိနိုင်ခြင်း

အသက်သေဆုံးခြင်း ဖြစ်ပေါ်ခဲ့ပါက PRUFlexiprotect PLUS ၏ အာမခံထားငွေအား အကျိုးခံစားခွင့်ရှိသူများထံ ချက်ချင်းပေးအပ်သွားမည်ဖြစ်သည်။ ယခုအာမခံအကာအကွယ်အား အနည်းဆုံး မြန်မာငွေ သိန်း (၃,၀၀၀,၀၀၀) ကျပ် အာမခံထားငွေအဖြစ် ထားရှိပြီး ဝယ်ယူနိုင်ပါသည်။

## သင့်အတွက် အဆင်ပြေသင့်တော်သည့် ငွေပေးချေမှုပုံစံနှင့် အာမခံထားလိုသည့် ကာလကို ရွေးချယ်နိုင်ခြင်း

အာမခံကာလကို (၁၀) နှစ်၊ (၁၅) နှစ် သို့မဟုတ် (၂၀) နှစ်အထိ ရွေးချယ်ဝယ်ယူနိုင်ပြီး အသက် (၆၅) နှစ် မတိုင်ခင်အထိ မိမိဝယ်ယူထားသည့် အာမခံကာလ သက်တမ်း ကုန်ဆုံးတိုင်း ပရီမီယံကြေးပေးသွင်းကာ လွယ်ကူရိုးရှင်းစွာ ပြန်လည် သက်တမ်းတိုးနိုင်မည်ဖြစ်သည်။ ပရီမီယံကြေးကို နှစ်စဉ်၊ တစ်နှစ်နှစ်ခါ၊ သုံးလတစ်ခါ သို့မဟုတ် တစ်လတစ်ခါ ပေးသွင်းနိုင်မည်ဖြစ်သည်။




## သင်ပေးသွင်းထားတဲ့ ပေးသွင်းငွေတွေအပြင် အခြားခံစားခွင့်တွေကိုပါ ရယူလိုက်ပါ။

အာမခံကာလ ပြီးဆုံးသွားတိုင်း သင်ပေးသွင်းထားသည့် ပမာဏ၏ ၁၀၃ ရာခိုင်နှုန်းနှင့် ညီမျှသော ပမာဏကို ပေါ်လစီ သက်တမ်းကုန်ချိန်၌ အကျိုးခံစားခွင့်အဖြစ် ရရှိနိုင်မည်ဖြစ်သည်။ ထိုပမာဏတွင် အခြေခံအစီအစဉ်အတွက် ပရီမီယံကြေး ပေးသွင်းမှုနှင့် ထပ်ဆောင်း အကျိုးခံစားခွင့် (ရှိပါက) ပါဝင်မည်ဖြစ်သည်။

## ထပ်ဆောင်းအကျိုးခံစားခွင့်တွေကနေတဆင့် သင်၏အာမခံအကာအကွယ်ကို မြှင့်တင်လိုက်ပါ။

**မတော်တဆ ထိခိုက်မှုကြောင့် သေဆုံးခြင်းအတွက် အကျိုးခံစားခွင့်**

ယခုအကျိုးခံစားခွင့်တွင် ကိုယ်ပိုင်အာမခံနစ်နာကြေးပါဝင်ပြီး အာမခံဝယ်ယူထားသူအနေဖြင့် မတော်တဆ ထိခိုက်မှုကြောင့် အသက်သေဆုံးသွားခဲ့လျှင် နစ်နာကြေးရရှိနိုင်မည်ဖြစ်သည်။

### မတော်တဆသေဆုံးမှုအတွက် နှစ်ထပ်ကွမ်းအကျိုးခံစားခွင့်

အများပြည်သူသုံးသယ်ယူပို့ဆောင်ရေးနည်းလမ်းများဖြင့် သွားလာနေစဉ်အချိန်အတွင်း မတော်တဆထိခိုက်မှုဖြစ်ပေါ်၍ အသက်သေဆုံးခဲ့ပါက ယခုအကျိုးခံစားခွင့်သည် မတော်တဆထိခိုက်မှုကြောင့် သေဆုံးခြင်းအတွက် အကျိုးခံစားခွင့်မှ ရရှိမည့် အာမခံနစ်နာကြေးပမာဏ၏ နှစ်ဆရရှိနိုင်မည်ဖြစ်သည်။ အကျုံးဝင်သော သယ်ယူပို့ဆောင်ရေးနည်းလမ်းများမှာ ကုန်တင်ရထားများ (မြို့ပတ်ရထားများ အပါအဝင်)၊ ခရီးသည်မှ စီးနင်းကြေးပေးရသော ပုံသေလမ်းကြောင်းများဖြင့် သွားလာနေသည့် ဘတ်စ်ကားများ၊ လေကြောင်းလိုင်းများ၊ သင်္ဘောများနှင့် ဖယ်ရီများ အပါအဝင်ဖြစ်သည်။

### အပြင်းအထန်နာမကျန်းမှုဖြစ်ပေါ်ပါက ရရှိနိုင်မည့် အကျိုးခံစားခွင့်

အာမခံဝယ်ယူထားသူအနေဖြင့် ယခုအာမခံအကာအကွယ်အတွက် အကျုံးဝင်သော အပြင်းအထန်နာမကျန်းမှု ရောဂါအမျိုးအစားပေါင်း (၂၀) အနက် ရောဂါတစ်မျိုးမျိုးကြောင့် ဆေးကုသမှုခံယူရပါက ဆေးကုသစရိတ်ကို ငွေကြေး ထောက်ပံ့ပေးသွားမည့် အကျိုးခံစားခွင့် ပါဝင်ပါသည်။ ရောဂါကုသမှုအစောပိုင်းတွင် ယခုအကျိုးခံစားခွင့်၏ အာမခံထားရှိငွေမှ (၂၅) ရာခိုင်နှုန်းကို ကြိုတင်ပေးအပ်သွားမည်ဖြစ်သည်။ ရောဂါကုသမှုနောင်းပိုင်းတွင် ယခုအကျိုးခံစားခွင့်၏ အာမခံထားရှိငွေ (၁၀၀) ရာခိုင်နှုန်း သို့မဟုတ် ကုသမှုအစောပိုင်းတွင် နစ်နာကြေးရယူပြီးပါက ကျန်ရှိသည့် (၇၅) ရာခိုင်နှုန်းကို ပေးအပ်သွားမည်ဖြစ်သည်။

#### အစောပိုင်းအဆင့် အပြင်းအထန် နာမကျန်းဖြစ်ခြင်း
#### Early Stage Critical Illness

- ကင်ဆာအစောပိုင်းအဆင့် - ကင်ဆာဆဲလ်စတင်ပြန့်ပွားချိန်နှင့် သတ်မှတ်ထားသော ကိုယ်တွင်းအင်္ဂါများ၏ ကင်ဆာအစောပိုင်းအဆင့်(Early stage cancer)
- Defibrillator(သို့မဟုတ်)နှလုံးခုန်စက် ထည့်ခြင်း -Insertion of a permanent cardiac pacemaker or defibrillator
- နှလုံးသွေးကြောပိတ်ခြင်း (Coronary Angioplasty)
- လည်ပင်းသွေးကြောခွဲစိတ်မှု (Carotid Artery Surgery)
- ဦးနှောက်သွေးကြောပေါက်၍ ခွဲစိတ်ခြင်း (Cerebral Aneurysm Surgery)
- အသည်းအစိတ်အပိုင်းကို ဖယ်ရှားခွဲစိတ်ခြင်း (Partial surgical removal of the liver)
- အဆုတ်တစ်ခြမ်း ဖယ်ရှားခွဲစိတ်ခြင်း (Surgical removal of one Lung )
- ကျောက်ကပ်တစ်ခြမ်း ဖယ်ရှားခွဲစိတ်ခြင်း (Surgical removal of one kidney)
- သွေးလွှတ်ကြော အသေးစားခွဲစိတ်ခြင်း (Minimally invasive surgery to aorta)
- အူသိမ်အူမ အစားထိုးခွဲစိတ်ခြင်း (Small Bowel Transplant)

#### နောက်ဆုံးအဆင့် အပြင်းအထန် နာမကျန်းဖြစ်ခြင်း
#### Late Stage Critical Illness

- ပြင်းထန်သည့်ကင်ဆာရောဂါ(Major Cancers)
- သတ်မှတ်ထားသော ပြင်းထန်သည့် နှလုံးဖောက်မှု (Heart Attack of Specified Severity)
- နှလုံးသွေးကြော လမ်းကြောင်းလွှဲခြင်း (Coronary Artery By-pass Surgery )
- အာရုံကြော ထာဝစဉ်ထိခိုက်ပြီး လေဖြတ်ခြင်း (Stroke with Permanent Neurological Deficit )
- အသည်း လုံးဝပျက်စီးခြင်း (End Stage Liver Failure)
- အဆုတ် လုံးဝပျက်စီးသည့်ရောဂါ (End Stage Lung Disease)
- ကျောက်ကပ်ပျက်စီးခြင်း (Kidney Failure )
- ရင်ခေါင်းဖွင့်၍ ပင်မသွေးလွှတ်ကြော ခွဲစိတ်ခြင်း (Open Chest Surgery to Aorta )
- ရင်ခေါင်းဖွင့်၍ နှလုံးအဆို့ရှင် ခွဲစိတ်ခြင်း (Open Chest Heart Valve Surgery)
- အဓိက အင်္ဂါများအစားထိုးကုသခြင်း (Major Organ Transplant)

မှတ်ချက် - အထက်ပါရောဂါများနှင့်ပတ်သက်၍ အသေးစိတ်အချက်အလက်များကို ပြည့်ပြည့်စုံစုံ သိရှိလိုပါက ပရူဒန်ရှယ်အာမခံ၏ အရောင်းကိုယ်စားလှယ်များအား မေးမြန်းနိုင်ပါသည်။

## PRUFlexiprotect PLUS နဲ့အတူ အခွန်သက်သာခွင့်ကို ရယူလိုက်ပါ။


ယခုအာမခံအကာအကွယ်အတွက် ပရီမီယံကြေးများ ပေးဆောင်ရာတွင် အခွန်ငွေသက်သာခွင့် ရရှိနိုင်မည်ဖြစ်သည်။ နှစ်စဉ်ဝင်ငွေခွန်ကို လျှော့ချပေးနိုင်ပြီး သင်ပေးဆောင်ရမည့် ပရီမီယံကြေးပမာဏကိုလည်း သက်သာစေနိုင်မည်ဖြစ်သည်။ ပရူဒန်ရှယ်အာမခံ၏ PRUTax Calculator သည် သင်ရယူနိုင်မည့် ဝင်ငွေခွန် နုတ်ယူမှု ပမာဏ၏ ခန့်မှန်းခြေကို တွက်ချက်ပေးသွားမည်ဖြစ်သည်။ နှစ်စဉ်ဝင်ငွေခွန်နုတ်ယူခြင်းဖြင့် အာမခံပရီမီယံကြေးပေးသွင်းခြင်းကို လျှော့ချထားနိုင်ရန်အတွက် ကျွမ်းကျင်သူများနှင့် ဆွေးနွေးတိုင်ပင်ရန် ပရူဒန်ရှယ်အာမခံအနေဖြင့် အကြံပေးလိုပါသည်။

## ၂၁ ရက်တာ စောင့်ကြည့်ကာလ

သင့်အနေနှင့် အာမခံပေါ်လစီကို လက်ခံရရှိသည့်အချိန်မှစ၍ ပြက္ခဒိန်ရက် (၂၁) ရက်အတွင်း ပေါ်လစီပါအချက်အလက်နှင့်အကျိုးခံစားခွင့်၊ ကန့်သတ်ချက်များအကြောင်း အသေးစိတ် ဖတ်ရှုလေ့လာနိုင်ပါသည်။ အဆိုပါကာလအတွင်း ပေါ်လစီပါ အချက်အလက်များက သင့်လိုအပ်ချက်များနှင့် ကိုက်ညီမှုမရှိပါက ပေါ်လစီကို ပယ်ဖျက်နိုင်မည်ဖြစ်သည်။ အဆိုပါကာလအတွင်း စောင့်ကြည့်ကာလလျှောက်လွှာပုံစံတွင် အချက်အလက်ဖြည့်သွင်းပြီး တင်သွင်းခဲ့ပါက ပရီမီယံကြေးစုစုပေါင်းထဲမှ ကျန်းမာရေးစစ်ဆေးခြင်းအတွက်ကုန်ကျစရိတ် တစ်စုံတစ်ရာရှိပါက ထိုကုန်ကျစရိတ်ကို နုတ်ပြီး ပြန်လည် ပေးချေသွားမည်ဖြစ်သည်။


## PRUFlexiprotect PLUS အာမခံအစီအစဉ် ဥပမာ (၁) (အခြေခံအာမခံအစီအစဉ်အတွက်သာ)

| | |
|---|---|
| အခြေခံပေါ်လစီ၏ အာမခံထားမည့် ပမာဏ (သေဆုံးခြင်းအတွက် အကျိုးခံစားခွင့်) | မြန်မာငွေ (၁၀,၀၀၀,၀၀၀) ကျပ် |
| ပေါ်လစီသက်တမ်း (ပေးဆောင်ရမည့် အချိန် ကာလနှင့် အကာအကွယ်ရနိုင်သည့်ကာလ) | ၁၀ နှစ် |
| အသက် | ၃၀နှစ် (နောင်လာမည့်မွေးနေ့ရက်မတိုင်ခင်) |
| နှစ်စဉ်ပရီမီယံကြေး | မြန်မာငွေ (၉၂၆,၄၆၀) ကျပ် |
| အာမခံငွေပြန်လည်ထုတ်ယူချိန်တွင် ပေးဆောင်ထားသည့်ပရီမီယံကြေး စုစုပေါင်း ပမာဏ | မြန်မာငွေ (၂,၇၇၉,၃၈၀)ကျပ် |





## PRUFlexiprotect PLUS အာမခံအစီအစဉ် ဥပမာ (၂)
## (အခြေခံအာမခံအစီအစဉ်နှင့် အပြင်းအထန်နာမကျန်းဖြစ်မှုအတွက် အာမခံအစီအစဉ်)

| | |
|---|---|
| အခြေခံပေါ်လစီ၏အာမခံထားမည့် ပမာဏ (အပြင်းအထန်နာမကျန်းမှုဖြစ်ပေါ်ခဲ့လျှင် ရရှိနိုင်မည့် အကျိုးခံစားခွင့်) | မြန်မာငွေ (၁၀,၀၀၀,၀၀၀) ကျပ် |
| ပေါ်လစီသက်တမ်း (ပေးဆောင်ရမည့်အချိန်ကာလနှင့် အကာအကွယ်ရနိုင်သည့်ကာလ) | ၁၀ နှစ် |
| အသက် | ၃၀ နှစ်(နောင်လာမည့်မွေးနေ့ရက်မတိုင်ခင်) |
| နှစ်စဉ်ပရီမီယံကြေး | မြန်မာငွေ (၁,၀၀၀,၀၀၀) ကျပ် |
| အာမခံငွေပြန်လည်ထုတ်ယူချိန်တွင် ပေးဆောင်ထားသည့်ပရီမီယံ ကြေးစုစုပေါင်း ပမာဏ | မြန်မာငွေ (၇,၀၀၀,၀၀၀) ကျပ် |
| **ထပ်တိုးခံစားခွင့်** | |
| အပြင်းအထန်နာမကျန်းမှု အတွက် အာမခံထားမည့် ပမာဏ (အပြင်းအထန်နာမကျန်းမှုဖြစ်ပေါ်ခဲ့လျှင် ရရှိနိုင်မည့် အကျိုးခံစားခွင့်) | မြန်မာငွေ (၁၀,၀၀၀,၀၀၀) ကျပ် |
| အပြင်းအထန်နာမကျန်းမှု အကာအကွယ်အတွက် အကျိုးခံစားခွင့် (ရောဂါ အစောပိုင်းအဆင့်) မြန်မာငွေ (၁၀,၀၀၀,၀၀၀) ကျပ် X ၂၅% | မြန်မာငွေ (၂,၅၀၀,၀၀၀) ကျပ် |
| အပြင်းအထန်နာမကျန်းမှု အကာအကွယ်အတွက် အကျိုးခံစားခွင့် (ရောဂါ နှောင်းပိုင်းအဆင့်) မြန်မာငွေ (၁၀,၀၀၀,၀၀၀) ကျပ် - မြန်မာငွေ (၂,၅၀၀,၀၀၀) ကျပ် (ကြိုတင်ပေးအပ်ခဲ့သော ရောဂါ အစောပိုင်းအဆင့် အကျိုးခံစားခွင့်) | မြန်မာငွေ (၇,၅၀၀,၀၀၀) ကျပ် |



## PRUFlexiprotect PLUS အာမခံအစီအစဉ် ဥပမာ(၃) (အခြေခံအာမခံအစီအစဉ်အတွက်သာ)

| | |
|---|---|
| အခြေခံပေါ်လစီ၏ အာမခံထားမည့် ပမာဏ (သေဆုံးခြင်းအတွက် အကျိုးခံစားခွင့်) | မြန်မာငွေ (၁၀,၀၀၀,၀၀၀) ကျပ် |
| ပေါ်လစီသက်တမ်း (ပေးဆောင်ရမည့် အချိန် ကာလ နှင့် အကာအကွယ်ရနိုင်သည့်ကာလ) | ၁၅ နှစ် |
| အသက် | ၄၀နှစ် (နောင်လာမည့်မွေးနေ့ရက်မတိုင်ခင်) |
| နှစ်စဉ်ပရီမီယံကြေး | မြန်မာငွေ (၆၃၆,၂၁၀) ကျပ် |
| အာမခံအစီအစဉ် နှစ်စေ့သွားချိန်တွင် ပေးဆောင်ထားသည့် ပရီမီယံကြေး စုစုပေါင်း ပမာဏ | မြန်မာငွေ (၉,၅၄၃,၁၅၀)ကျပ် |
| နှစ်စေ့အကျိုးခံစားခွင့် (ပေါ်လစီသက်တမ်းကုန်ဆုံးသွားချိန်တွင် ပြန်လည်ရရှိနိုင်မည့် ငွေကြေးပမာဏ) | မြန်မာငွေ (၉,၈၂၉,၄၄၄.၅၀) ကျပ် |




## အာမခံဝန်ဆောင်မှု မဝယ်ယူခင် သိထားသင့်သောအချက်များ

- **ရှိရင်းစွဲရောဂါအခြေအနေများ** - အာမခံဝန်ဆောင်မှု မဝယ်ယူခင် ဖြစ်ပေါ်ခဲ့ပြီး/ ရှိနှင့်ပြီးသော ရောဂါအခြေအနေများ၊ ထိခိုက်ဒဏ်ရာရခြင်းနှင့် ဖျားနာခြင်းများသည် အပြင်းအထန်နာမကျန်းမှု အကာအကွယ်အောက်တွင် အကျုံးဝင် ခြင်းမရှိပါ။

- **စောင့်ဆိုင်းကာလ** - ယခုအာမခံဝန်ဆောင်မှုတွင် အကျုံးဝင်သော အပြင်းအထန်နာမကျန်းမှုအတွက် ရရှိနိုင်မည့် အကျိုးခံစားခွင့်သည် အာမခံပေါ်လစီ စတင်သက်ရောက်သည့်နေ့မှစ၍ ပြက္ခဒိန် ရက်ပေါင်း (၉၀) ကျော်လျှင် စတင် သက်ရောက်မှု ရှိမည်ဖြစ်သည်။

- **အသက်ရှင်နေထိုင်မှုကာလ** - အပြင်းအထန်နာမကျန်းမှုအတွက် တောင်းဆိုရန် အာမခံထားရှိသူသည် ရောဂါရှာဖွေတွေ့ရှိသည့်နေ့မှစ၍ ပြက္ခဒိန်ရက် (၁၄) ရက်တိတိ သက်ရှိထင်ရှားရှိရပါမည်။

- **အာမခံဝန်ဆောင်မှုအတွက် အကျုံးမဝင်သည့်အချက်များ** - သင်၏ PRUFlexiprotect PLUS ပါ အကျိုးခံစားခွင့်နှင့် ထပ်တိုးအကျိုးခံစားခွင့်များဖြစ်သည့် မတော်တဆဖြစ်ရပ်ကြောင့် အသက်သေဆုံးခြင်းအတွက် အကျိုးခံစားခွင့်၊ မတော်တဆသေဆုံးခြင်းအတွက်နှစ်ထပ်ကွမ်း အကျိုးခံစားခွင့်နှင့် အပြင်းအထန်နာမကျန်းမှုအတွက် ရရှိနိုင်မည့် အကျိုးခံစားခွင့် စသည်တို့အတွက် ရရှိနိုင်သော ရာနှုန်းပြည့်နစ်နာကြေးပမာဏအပေါ် အကျိုးသက်ရောက်မှုရှိနိုင်သည့် အခြေအနေများလည်း ရှိနိုင်ပါသည်။ ဥပမာ - သေဆုံးခြင်းအကျိုးခံစားခွင့်အတွက် အကျုံးမဝင်သော အချက်များ - ရာဇဝတ်မှု ကျူးလွန်ခဲ့ပါက သို့မဟုတ် ရာဇဝတ်မှု ကျူးလွန်ရန် အားထုတ်ခဲ့ပါက အကျုံးမဝင်ပါ။ အာမခံအကျိုးခံစားခွင့်ရှိသူတစ်ဦး သို့မဟုတ် အာမခံအကျိုးခံစားခွင့်ရှိသူအများအပြားက ရာဇဝတ်မှုကို ကျူးလွန်ခဲ့သည့်အခြေအနေမျိုးတွင် အဆိုပါရာဇဝတ်မှုကို မကျူးလွန်ခဲ့သော အာမခံ အကျိုးခံစားခွင့်ရှိသူများသာလျှင် ၎င်းတို့၏အကျိုးခံစားခွင့် ရရှိမည်ဖြစ်သည်။

  မတော်တဆထိခိုက်မှုကြောင့် သေဆုံးခြင်း အကျိုးခံစားခွင့်နှင့် ထိခိုက်နစ်နာမှုအတွက် နှစ်ထပ်ကွမ်းအကျိုးခံစားခွင့်တို့အတွက် အကျုံးမဝင်သော အချက်များ - နယ်မြေကျူးကျော်ခြင်းများအပါအဝင် စစ်ပွဲများ၊ ရန်လိုသော ကိစ္စရပ်များ၊ ပြည်ပနိုင်ငံများ၏ လုပ်ရပ်များ၊ (စစ်ကြေညာခြင်းရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ) ရန်သူများ၏ လုပ်ရပ်များ၊ ပြည်တွင်းစစ်များ၊ ဆူပူ သောင်းကျန်းမှုများ၊

တော်လှန်ရေးများ၊ အဓိကရုဏ်းများ၊ စစ်တပ်အာဏာပိုင်များ၏ ဝင်ရောက်စွက်ဖက်ခြင်း၊ ဖမ်းဆီးသိမ်းယူခြင်း စသောကိစ္စရပ်များသည် အကျိုးခံစားခွင့်အောက်တွင် အကျုံးဝင်မည် မဟုတ်ပါ။

အပြင်းအထန်နာမကျန်းမှု အတွက် အကျုံးမဝင်သော အချက်များ – အာမခံပေါ်လစီ စတင်သည့်နေ့ရက် သို့မဟုတ် အာမခံပယ်ဖျက်ပြီးနောက် ပြန်လည်ထည့်သွင်းသည့်နေ့ရက် သို့မဟုတ် အကျိုးခံစားခွင့်၏ အကျိုးသက်ရောက်သည့်နေ့ရက် မတိုင်မီ ဖြစ်ပေါ်ခဲ့ပြီး/ရှိခဲ့ပြီးသော ရောဂါအခြေအနေများနှင့် ထိုကာလနောက်ပိုင်းတွင် ပရူဒန်ရှယ်အာမခံအား အသိမပေးထားသော၊ ပရူဒန်ရှယ်အာမခံက လက်ခံထားခြင်းမရှိသော ရှိရင်းစွဲရောဂါအခြေအနေများသည် အကျုံးမဝင်ပါ။

အာမခံဝန်ဆောင်မှု အကျုံးမဝင်သည့် အသေးစိတ်အချက်အလက်များကို သင့်ရဲ့ သက်ဆိုင်ရာ အာမခံဝန်ဆောင်မှုအရောင်းကိုယ်စားလှယ်ထံ ဆက်သွယ်မေးမြန်းနိုင်မည်ဖြစ်ပါသည်။

**အာမခံဝယ်ယူနိုင်ရန် သတ်မှတ်ချက် ပြည့်မီခြင်း ရှိမရှိ စစ်ဆေးခြင်း** – အာမခံအကာအကွယ် မဝယ်ယူခင် အဖွဲ့ဝင်များအနေဖြင့် အာမခံဝယ်ယူနိုင်ရန် သတ်မှတ်ချက် ပြည့်မီခြင်း ရှိမရှိ စစ်ဆေးသည့် လျှောက်လွှာပုံစံဖြည့်ရန်အတွက် လိုအပ်သော ကျန်းမာရေးနှင့်ကိုယ်လက်အင်္ဂါကောင်းမွန်ကြောင်း အထောက်အထား နှင့် /သို့မဟုတ် အလုံးစုံ ကျန်းမာရေးစစ်ဆေးမှုခံယူရန် လိုအပ်ပါသည်။ အဆိုပါ လုပ်ငန်းစဉ်များသည် အာမခံထားရှိမည့်ငွေပမာဏ၊ အသက်အရွယ်၊ အလုပ်အကိုင် သို့မဟုတ် အဖွဲ့ဝင်အနေနှင့် ဆေးခွင့်တင်ထားခြင်း ရှိ /မရှိ အပေါ်တွင် မူတည်ပါသည်။

**ပေါ်လစီပြန်အမ်းငွေ** – အာမခံဝန်ဆောင်မှု ဝယ်ယူပြီးနောက် ပရီမီယံကြေး မပေးသွင်းနိုင်သည့် အခြေအနေဖြစ်ပေါ်လာပါက ပြန်အမ်းငွေ ပြန်လည်ထုတ်ယူနိုင်မည်ဖြစ်သည်။ ပေါ်လစီတွင် သင်ပေးသွင်းထားသော ငွေကြေးရှိပါက ပြန်အမ်းငွေ ထုတ်ယူနိုင်ပါသည်။ ဤအစီအစဉ်သည် အာမခံဝယ်ယူပြီး တတိယနှစ်မြောက်မှ စတင်အကျုံးဝင်ပါသည်။သို့သော် ပြန်အမ်းငွေပမာဏသည် သင် ပေးသွင်းပြီးသော ပရီမီယံကြေးထက် သိသိသာသာ နည်းပါးသောပမာဏဖြစ်သောကြောင့် သင့်အတွက် ငွေကြေးဆုံးရှုံးမှုဖြစ်ပေါ်နိုင်ပါသည်။

**ငြင်းဆိုပိုင်ခွင့်မရှိခြင်း** – ပရီမီယံကြေးများ ပေးသွင်းမှုမရှိခြင်း သို့မဟုတ် မြန်မာနိုင်ငံရှိ ဥပဒေ /တရားစီရင်ရေးအရ အသိအမှတ်ပြုထားသော အချက်များကြောင့်မှလွဲ၍ ကုမ္ပဏီသည် အာမခံထားသူ သက်ရှိထင်ရှားရှိစဉ် ဤပေါ်လစီကို ပေးအပ်သည့် ရက်စွဲမှ သို့မဟုတ် ပေါ်လစီအား ပြန်လည်တည်မြဲစေသည့် ရက်စွဲမှစ၍ နှစ် (၂) နှစ်တာ ကာလအတွင်း အတည်ဖြစ်သော ပေါ်လစီနှင့်စပ်လျဉ်း၍ တောင်းဆိုမှုကို ကုမ္ပဏီက ငြင်းပယ်ခွင့်မရှိပါ။


**Yoma Bank Limited**

အမှတ် ၁၄၊ ကျိုက်ခေါက်ဘုရားလမ်း၊ ကြယ်စင်မြို့တော်၊ သန်လျင်မြို့နယ်၊ ရန်ကုန်မြို့။

9662 (or) +95 9 796629662

www.yomabank.com

www.facebook.com/yomabank

**Prudential Myanmar Life Insurance**

ရန်ကုန်ရုံးချုပ်လိပ်စာ - အမှတ် ၁၅-၀၁၊ ၁၅ လွှာ၊ Sule Square၊ ၂၂၁ ဆူးလေဘုရားလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

မန္တလေးရုံးခွဲလိပ်စာ - အမှတ် (၁၅၁)၊ ဆိုင်အမှတ် (၂)၊ ibis Styles Mandalay စင်တာဟိုတယ်၊ (၃၅) လမ်းနှင့် (၅၄) လမ်းထောင့်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး။

09770110010 www.prudential.com.mm Prudential Myanmar